## သွားတော့

"ဘူတာဆင်းရင် ဘယ်လောက်ပေးရမလဲ"

"တစ်ထောင်ပါ"

"ကျွန်တော့်မိန်းမပါ လိုက်လာရင်ရော"

"တစ်ထောင်ပါပဲ"

"သူ့အတွက် မယူဘူးပေါ့"

"မယူပါဘူး"

"ကဲ မင်းအတွက်မယူဘူးတဲ့၊ ဘူတာကို မင်းတစ်ယောက်တည်းပဲ သွားလိုက်တော့။ ငါ လိုက်မပို့တော့ဘူး"

* * *

## သိပါတယ်

လိုင်စင်ထုတ်ပေးမယ့် အရာရှိက–

"မောင်းရင် မမူးနဲ့ မူးရင်မမောင်းနဲ့ ဆိုတဲ့ စကားရဲ့ သတိပေးချက်ကို နားလည်ရဲ့လား"

"ဟုတ်ကဲ့"

"ပြောစမ်းပါဦး၊ ဘာကိုဆိုလိုတာလဲ"

"အရက်ကို ဂိတ်ရောက်မှ သောက်ရမယ်ဆိုတဲ့ သဘောပါ"

* * *



## စုံမှစုံ

"ခင်ဗျားကားထဲက ရေဒီယိုက လိုင်းဖမ်းလို့ရရဲ့လား"

"ရပါတယ်။ တစ်ကမ္ဘာလုံးက အသံတွေရတယ်"

"ပွင့်စမ်းပါဗျာ"

"တရုတ်ရော၊ ဂျပန်ရော၊ အင်္ဂလိပ်ရော၊ ပြင်သစ်ရော၊ ကုလားရော၊ မလေးရော အားလုံးတစ်ပြိုင်တည်း ပြောနေတာ ခင်ဗျားက နားထောင်တတ်မှာမို့လား"

* * *

## မလိုတော့ဘူး

"ကားထဲကကက်စက် ဖြုတ်ချင်လို့"

"ဘာလို့ ဖြုတ်မှာလဲဗျာ"

"အပိုဖြစ်တော့မှာကြောင့်ပါ"

"မဖြုတ်ပါနဲ့ဗျာ။ နားထောင်ချင်တဲ့အခါ နားထောင်လို့ ရတာပေါ့"

"နက်ဖြန် မင်္ဂလာဆောင်တော့မှာဗျ။ နောက်ဆို ကျူပ်ဘေးမှာ မိန်းမက အမြဲပါနေမှာ"

* * *

